ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း )

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကြက်လျှာစွန်းကျေးရွာ၊ ကြာအင်းကျေးရွာအုပ်စု

၂၀၁၇ခုနှစ် ကြံခင်းမြို့

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရုပ်ချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ပတော်သစ်တောကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

# ကြံခင်းမြို့နယ် ကြာအင်းကျေးရွာအုပ်စုပြမြေပုံ




ကြာအင်းကျေးရွာအုပ်စုပြမြေပုံ

၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ကြာအင်းကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. ကြာအင်းကျေးရွာ

၂. ကြပ်ကွင်းကျေးရွာ

၃. သရက်တောကျေးရွာ

၄. ကိုးပင်ကျေးရွာ

၅. ကံဆယ်ကျေးရွာ

၆. ကြက်လျှာစွန်းကျေးရွာ

၇. ရှားဇီးဘို ကျေးရွာ

ကြာအင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၇)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ကြံခင်းမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း

## ကြက်လျှာစွန်းကျေးရွာသမိုင်း

ကြက်လျှာစွန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကြာအင်းအုပ်စုတွင် တည်ရှိသော ရွာလေးဖြစ်ပါသည်။ အိမ်ခြေ (၁၀၀)၊ လူဦးရေး (၃၇၁)ဦးဖြင့် ဖွဲ့စည်းထားသော ရွာလေးဖြစ်ပါသည်။ ကြာအင်းအုပ်စု၏ဗဟိုအဖြစ် ကံဆယ်ကျေးရွာကိုသတ်မှတ်၍ ကြက်လျှာစွန်းကျေးရွာနှင့် ကံဆယ်ကျေးရွာသည် (၂)မိုင်ခန့်ဝေးပါသည်။ ကြက်လျှာစွန်းကျေးရွာမှ ကြံခင်းမြို့သို့ (၉)မိုင်ကျော်ဟု ခန့်မှန်းရပါသည်။

ကြက်လျှာစွန်းကျေးရွာဟုအမည်တွင်ရခြင်းမှာ ကွန်းချောင်းနှင့် ပရှည်းချောင်းဆုံရာနေရာတွင် တည်ရှိသောကြောင့်ဖြစ်ပါသည်။ မြေနေရာမှာ ကြက်လျှာသဏ္ဍာန်ရှိ၍ ကြက်လျှာစွန်းကျေးရွာဟု ခေါ်တွင်ခဲ့ပါသည်။ ရွာ၏ပုံသဏ္ဍာန်မှာ ထယ်သွားပုံဖြစ်၍ အရှေ့ အနောက်သွယ်တန်းနေပါသည်။ စတင်တည်ထောင်ချိန်တွင် အိမ်ခြေ (၃၀)ခန့်သာ ရှိခဲ့ပါသည်။ ကြက်လျှာစွန်းကျေးရွာ၏ အရှေ့ဘက်တွင် ဘက်ရဲမြို့ရှိ၍ အနောက်ဘက်တွင် ကံဆယ်ကျေးရွာနှင့်ထိစပ်နေပါသည်။ တောင်ဘက်တွင် မူ ပရှည်းချောင်းရှိ၍ မြောက်ဘက်တွင် ကွန်းချောင်းရှိပါသည်။ ရွာအဝင်တွင် မူလတန်းကျောင်းနှင့် ရွာဦး စေတီလည်းရှိပါသည်။ ဘုန်းတော်ကြီးကျောင်းမှာမူ ရွာနှင့်အလှမ်းဝေး၍ တောင်ပေါ်တွင် သီးခြားတည် ရှိနေပါသည်။

ရွာ၏အဓိကစီးပွားရေးမှာ လယ်ယာလုပ်ငန်းဖြစ်၍ ဆန်စပါးနှင့်မတ်ပဲများ စိုက်ပျိုးကြပါသည်။ ချောင်း (၂)နစ်ခုကြားဆုံရာနေရာတွင် တည်ရှိ၍ မြေဩဇာကောင်းသောကြောင့် သီးနှံများဖြစ်ထွန်းပါသည်။ ခရမ်းချဉ်၊ ဘူး၊ သခွား၊ မြေပဲနှင့် ဟင်းသီးဟင်းရွက်များလည်း စိုက်ပျိုးကြပါသည်။ ချောင်း၊ မြောင်းများပေါ၍ သား၊ ငါးများလည်းပေါပါသည်။

လူမျိုးများမှာ ဗမာလူမျိုးများဖြစ်၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ရွာတွင်မူလတန်းကျောင်းရှိ၍ အလယ်တန်းနှင့်အထက်တန်းကို အ.ထ.က ဘက်ရဲတွင် သွားရောက်ပညာသင်ကြားရပါသည်။ လျှပ်စစ်မီးရရှိ၍ လျှပ်စစ်မီးအား ဘက်ရဲထရမ်စဖာမှပေးပါသည်။ ဘက်ရဲမြို့နှင့် ကြက်လျှာစွန်းကျေးရွာအား ကြိုးတံတားဖြင့် ဆက်သွယ်ထားပါသည်။ အလျား (၁၉၂)ပေ၊ ဗျက် (၅)ပေရှိသော ကြိုးတံတားအား ဆွစ်ဆလန်နိုင်ငံသား မစ္စတာတိုနီမှ ၂၀၁၅ခုနှစ်တွင် မတည်လှူဒါန်းခဲ့ပါသည်။ ၎င်း ကြိုးတံတားမရှိစဉ်က ကြက်လျှာစွန်းကျေးရွာမှ ဘက်ရဲမြို့သို့ သွားလာရေးအလွန်ခက်ခဲခဲ့ပါသည်။

ကြက်လျှာစွန်းရွာသူရွာသားများတွင် မိမိတို့ကျေးရွာနှင့်ပတ်သက်၍ အိမ်မက်များရှိကြပါသည်။ ကံဆယ်ကျေးရွာနှင့် ကြက်လျှာစွန်းကျေးရွာဆက်သွယ်ထားသောလမ်းအား အဆင့်မြင့်တိုးချဲ့ခြင်း၊ ဘုန်းတော်ကြီးကျောင်းသို့သွားရာ မြို့တောင်လမ်းအား ချောင်းကျောက်ခင်းလိုခြင်း ဆန္ဒများရှိကြပါသည်။ ကြက်လျှာစွန်းရွာသူရွာသားများသည် စည်းလုံးညီညွတ်ခြင်း၊ အေးချမ်းခြင်း၊ စိတ်နလုံးဖြူစင်ခြင်းများကိုပိုင်ဆိုင်၍ ဖွံ့ဖြိုးရေးစိတ်ဓာတ်များသည်လည်း သူတို့၏စိတ်ထဲတွင် အစဉ်အမြဲကိန်းအောင်းနေကြပါသည်။ မိမိတို့၏ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို မိမိတို့၏လက်ဖြင့် အလှဆင်လိုကြသော ကျေးရွာသူ/သားများ ဖြစ်ကြပါသည်။

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 1.1.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 5 | 6 | 11 | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 1.1.2017 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | 3 | 4 | 7 | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 1.1.2017 | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | 10 | 15 | 25 | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 1.1.2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | 7 | 8 | 15 | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | 1.1.2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 9 | 7 | 16 | -နေ့စဉ်ဘ၀အတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | 1.1.2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | 12 | 13 | 25 | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | 2.1.2017 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | 42 | 38 | 80 | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | 2.1.2017 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | 42 | 38 | 80 | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ပြဿနာသစ်ပင် (Problem Tree) | | အားလုံး | | | | -ဆွေးနွေးထားသောအခက်ခဲများ<br>-ဖြစ်ပေါ် လာရသည့်အကြောင်းရင်းများ အကျိုးဆက်များ<br>-မည်ကဲ့သို့ဖြေရှင်းရမည်နည်း။ |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်း | 2.1.2017 | ကော်မတီဝင်များ၊ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | 42 | 38 | 80 | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုနှင့် သဘာဝအရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်




လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

- လယ်ယာ၊ သစ်တော၊ တောတောင်များကိုမှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။
- စိုက်ပျိုးရေးမြေယာပိုင်ဆိုင်မှု ဦးရေနည်းပါးပြီး အများစုမှာကျပန်းလုပ်သားများ၊ နေ့စားလုပ်သား များ ဖြစ်ကြသည်။
- ကျေးရွာသူ၊ကျေးရွာသားအားလုံးမှာ ဗမာလူမျိုးများဖြစ်ကြ၍ ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။
- မိုးရာသီတွင် သောက်သုံးရေဖူလုံသော်လည်း နွေရာသီတွင် ရေရှားပါးသည်။
- သီးနှံစိုက်ပျိုးခြင်းများလုပ်ကိုင်ကြသည်။

## ဖွံ့ဖြိုးရေးလိုအပ်ချက်

- ရွာတွင်းလမ်း
- စာသင်ကျောင်း(တိုက်ကျောင်း)
- ရွာချင်းဆက်လမ်း
- အစည်းအဝေးခန်းမ
- ရေတွင်းရေကန်
- လျှပ်စစ်မီး
- ဆေးပေးခန်း
- မူကြိုကျောင်း
- ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး
    - စိုက်ပျိုးရေးအတွက်ချေးငွေ

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်





<u>ရာသီခွင်ပြ ပြက္ခဒိန်</u>

**<u>ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)</u>**

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဝါးခုတ်၊ ရာသီပေါ်သီးနှံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- လယ်ယာနှင့် တောင်ယာရာသီပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရရှိသည်။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ (အိမ်တွင်းစိုက်ပျိုးသီးနှံများဖြင့် စားဝတ်နေရေးဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေး-ဝါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီး ဝင်ငွေမတူ ညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှတာဝန်ခွဲဝေယူမှုနှင့်ကျား၊မရေးရာသိမြင်ခံစားလာအောင်ဆွေးနွေး (အိမ်မှုကိစ္စပိုင်းလုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး၍ဝင်ငွေတိုးစေခြင်းကိုဆွေးနွေး။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဂ) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်



ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ကြက်ဖျာစွန်း

ပါဝင်ဆွေးနွေးသူ-ကျား (၁၀) - မ (၁၅)

ရက်စွဲ ။ ၁.၁.၂၀၁၇

| အဆင့် | စံသတ်မှတ်ချက်များ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| (က) | ပျဉ်ထောင်ပျဉ်ခင်းသွပ်မိုး၊ လယ် (၁၀) ဧက၊ ကိုင်း (၂) ဧက၊ နွား နှစ်ရှဉ်း၊ ရိတ်သိမ်းစက်၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ ရေစုပ်စက်၊ ကား | ၃၁ | ၃၀.၇% |
| (ခ) | ပျဉ်ထောင်အိမ်၊ လယ် (၈) ဧက၊ ကိုင်း (၁) ဧက၊ နွားတစ်ရှဉ်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ရေစုပ်စက်၊ အသံချဲ့စက် | ၂၀ | ၁၉.၈% |
| (ဂ) | ပျဉ်ထောင်အိမ် (သက်ကယ်မိုး)၊ လယ် (၅) ဧက၊ နွားတစ်ရှဉ်း၊ စက်ဘီး၊ ရေစုပ်စက် | ၃၀ | ၂၉.၇% |
| (ဃ) | ဝါးခင်း၊ထရံကာ၊ သက်ကယ်မိုး၊ ကျပန်းလုပ်၊ စက်ဘီး | ၂၀ | ၁၉.၈% |
| | စုစုပေါင်း | ၁၀၁ | ၁၀၀% |


<u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း</u>

ဥစ္စာခနေကြွယ်ဂမူဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- ( ဃ )အဆင့် နွမ်းပါးသောအုပ်စုတွင် အိမ်ထောင်စု(၂၇)အိမ်ထောင်စု ပါဝင်သည်။
- နွမ်းပါးရသောအကြောင်းအရင်းများမှာကျပန်းလုပ်ငန်းများလုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ မိဘများအသိပညာဗဟုသုတနည်းပါးခြင်း၊ ကလေးများအားကျောင်းမထား နိုင်ကြခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း၊လယ်ယာမြေ ပိုင်ဆိုင်မှုမရှိခြင်း စသည် တို့ကြောင့် ဖြစ်သည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကိုဦးစားပေး စဉ်းစား ရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော် လုပ်ငန်း များတွင် ကျေးရွာလူထုနွမ်းပါးသူများဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများ ရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း



အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင်အဓိကဦးဆောင်သည်။ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။ အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။

လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏ သာရေးနာရေးများ နှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေး အဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံ ရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။


ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အမျိုးသမီးရေးရာ၊ မီးလင်းရေးအဖွဲ့၊ လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ကြသည်။


ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့

ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မီးလင်းရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း သက်ဆိုင်ရာ မြို့နယ် အဖွဲ့အစည်း များနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုသုံးသပ်ချက်





အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းကို ဆွေးနွေးသုံးသပ်ခြင်း ဖြစ်သည်။
- အချုပ်စက်၊ မုန့်ကြိတ်စက် ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊ ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်




ပင့်ကူအိမ်ကွန်ယက်

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချခြင်းနှင့် ခေါင်းဆောင်မှုတို့တွင် အလွန်အားနည်းသည်။

အိမ်တွင်းမှုလုပ်ငန်းများတွင် အချိန်ကုန်ကာ ဝင်ငွေရရှိမှုလည်းနည်းသည်။


ရှေးရိုးစွဲအစဉ်အလာများနှင့် ပညာတတ်မြောက်မှုအားနည်းခြင်းတို့ကြောင့် အမျိုးသမီးများသည် မပြောရဲ၊ မဆိုရဲဖြစ် ရာမှ ပါဝင်ဆုံးဖြတ်ခွင့်မရှိပဲ ဖြစ်နေတတ်သည်။

အချို့သောကဏ္ဍများတွင် အမျိုးသားများ၏လွှမ်းမိုးမှုကြောင့် အမျိုးသမီးများ၏ ပြောဆိုခွင့်များနှင့် ဆုံးဖြတ်ခွင့်များ မှေးမှိန်နေတတ်သည်။ ထို့ကြောင့် အမျိုးသမီးများ ပါဝင်နိုင်ဖို့အတွက် အမျိုးသားများ၏နေရာပေးမှုလည်း လိုအပ် သည်။

ကျေးရွာတွင် အသိပညာပေးဆွေးနွေးပွဲများကို အမျိုးသားနှင့် အမျိုးသမီး သီးခြားစီပြုလုပ်ခြင်း၊ အစည်းအဝေးပွဲများ တွင် အမျိုးသမီးများအား ပြောဆိုခွင့်ပေးခြင်း၊ ဆုံးဖြတ်ခွင့်ပေးခြင်းတို့ဖြင့် ၄င်းတို့အား လက်တွဲခေါ်ယူသင့်ပါသည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

**အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**

လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ ကမ်းပါးပျိုနေသည့်အတွက် သွားလာနေထိုင်ရေး အဆင်မပြေခြင်း၊ အစည်းအဝေးကျင်းပရန် ခန်းမဆောင်မရှိခြင်း၊ကျန်းမာရေးအတွက်ဆေးခန်းနှင့်ဝေးကွာနေခြင်း စသည့်အခက် အခဲများကို အမျိုးသားများက ဖော်ထုတ် ဆွေးနွေးကြသည်။

လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ လူနေမှုအဆင့်အတန်းနိမ့်ပါးခြင်း၊ အလုပ်လက်မဲ့လူဦးရေများပြားလာခြင်း၊ စာပေဗဟုသုတနည်းပါးခြင်း စသည့်အခက်အခဲများကို အမျိုးသမီးများကလည်း ဖော်ထုတ်ဆွေးနွေးကြသည်။


ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။

အမျိုးသားများအဆိုပြုသော အခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ တူညီကြသည်။အမျိုးသမီးများသည် ၎င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ်ခဲ့ကြသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြားအခြားသော ၎င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

## ၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း




မျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**


အမျိုးသားများအနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် ရွာလမ်းများကောင်းမွန်ရေးကို အဓိကအားဖြင့် မျှော်မှန်းထားကြသည်။ ထို့အပြင် ၎င်းတို့သည် ရွာချင်းဆက် လမ်းများ ကွန်ကရစ်လမ်းဖြစ်ရေး၊ သောက်သုံးရေဖူလုံရေး၊ ရွာတွင်စာကြည့်တိုက် ဆောက်လုပ်နိုင်ရေး၊ ဆေးပေးခန်းဆောက်လုပ်နိုင်ရေး ၊မူကြိုကျောင်းဆောက်လုပ်နိုင်ရေး၊ မီးသတ် ရေကန်တည်ဆောက်နိုင်ရန် စသည် ဖြင့် မျှော်မှန်းချက်များ ရှိကြသည်။

အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရွာတွင်စာကြည့်တိုက်ဆောက်လုပ်နိုင်ရန်၊ ဆေးပေးခန်းဆောက် လုပ်နိုင်ရန်၊ ကွန်ကရစ်တံတားဆောက်လုပ်နိုင်ရန်၊ မူကြိုကျောင်းဆောက်လုပ် နိုင်ရန် ရွာတွင်းလမ်းများကောင်းမွန်ရန်၊ သောက်သုံးရေဖူလုံရေး မီးသတ်ရေကန်ဆောက်လုပ် နိုင်ရန်စသည်ဖြင့် မျှော်မှန်းထားကြသည်။

အမျိုးသားနှင့် အမျိုးသမီးတို့သည် အများအားဖြင့် မျှော်မှန်းချက်ခြင်း တူညီနေကြသည်။ ၎င်းတို့သည် အဓိကအားဖြင့် ရွာလမ်းများကောင်းမွန်ရေးကို မျှော်မှန်းထားကြသည်။ လမ်းများကောင်း မွန်ပါက ကျောင်းသားများလည်း သွားလာရေးအဆင်ပြေနိုင်သလို လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အဘက်ဘက်မှ အဆင်ပြေချောမွေ့နိုင်မည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်




ဦးစားပေးလုပ်ငန်းများ

**ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )**

ကြာအင်းအုပ်စု၊ ကြက်လျှာစွန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ရာတွင် မဲပေးခြင်းစနစ်ဖြင့်ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော တာကြိုးတံတားတည်ဆောက်ရန်လုပ်ငန်းအား ဦးစာပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံး ကြက်လျှာစွန်း-ဘက်ရဲ ကုန်ထုတ်လမ်းပြုပြင်ခြင်းလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်းကောင်း၊ တတိယမဲအများဆုံး စက်ရေတွင်းနှင့်ရေကန်လုပ်ငန်းအား ဦးစားပေး(၃) အဖြစ် လည်းကောင်း၊ ကွန်ကရစ်မီးတိုင်လုပ်ငန်းအား ဦးစားပေး(၄)အဖြစ်လည်းကောင်း၊ စသည်ဖြင့် မဲစဥ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါ သည်။

အဓိကဦးစားပေးလုပ်ငန်းမှာ တာကြိုးတံတားတည်ဆောက်ခြင်း လုပ်ငန်းဖြစ်သည်။ လမ်းများကောင်းမွန်ပါက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အဘက်ဘက်မှ အဆင်ပြေနိုင်မည်ဖြစ်သည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



၂.၁.၂၀၂၇

ဒုတိယနှစ် စီမံကိန်း ဂဝေါက်ကျူရှု ကော်မတီဝင်များ

ကြက်ကျွာရွာ

| စဉ် | အဖွဲ့ | ရာထူး | အမည် |
|---|---|---|---|
| ၁ | ကျေးရွာ စီ/ထောက် | ဥက္ကဋ္ဌ | ဦးမြင့်ဦး |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ခင်သုန်းနု |
| ၃ | ဝယ်ယူရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်ပိုင်ဦး |
| ၄ | | အဖွဲ့ဝင် | ဒေါ်တင်တင်ညို |
| ၅ | | အဖွဲ့ဝင် | ဒေါ်အေးသန္တာ |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်ရွှေ |
| ၇ | | အဖွဲ့ဝင် | ဒေါ်မြင့်မြင့်ဆွေ |
| ၈ | | အဖွဲ့ဝင် | ဒေါ်စန်းကျော့လှိုင် |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင် ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်အေးအေးမော် |
| ၁၀ | | အဖွဲ့ဝင် | ဦးတင်လင်းအောင် |
| ၁၁ | | အဖွဲ့ဝင် | ဦးအောင်ဝင်း |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | အဖွဲ့ဝင် | ဦးရဲထွန်းနောင် |
| ၁၃ | အငြင်းပွားမှု တိုင်ကြားဖြေရှင်းရေး ဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဇော်မင်းအောင် |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ဖြိုးဖြိုးဝေ |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသက်ထွန်းဦး |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်သက်ထားချို |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|
| ဦးတင်လင်းအောင် | 09-772808084 | ဒေါ်နုနုမြင့် | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
| ဧရာဝတီ | ကြံခင်း | ကြာခင်း | ကြက်လျှာကွင်း |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၆၅ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၆၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား+မ<br>၃၂ = ၈ + ၂၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၇၃ | ၁၈၃ |
| လူမျိုးစု (၁)---ဗမာ--- | | |
| လူမျိုးစု (၂)------------ | | |
| လူမျိုးစု (၃)------------ | | |
| အိမ်ထောင်ဦးစီး | ၇၅ | ၂၀ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | ဗလီ | ☐ |
| | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား [illegible] |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၂---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၀ မိနစ်--- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်--------၃၀ မိနစ်--------- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---နာဂစ်မုန်တိုင်း - ၂၀၀၈

**(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဖော်ပြစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------------------------------

(၂) ----------------------------------

ကျေးရွာခေါင်းဆောင် — အမည် ဦးဟင်လင်းအောင်

လက်မှတ် — နေ့စွဲ ၁.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ခုခုလှိုင်

လက်မှတ် — နေ့စွဲ ၁.၁.၂၀၁၇

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နုနုလှိုင် | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| နေ့စွဲ ၁.၁.၂၀၁၇ | | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကျောက်ခင်း | ကျေးရွာ ကျောက်လှေကျွန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁.၁.၂၀၁၇ | ၁.၁.၂၀၁၇ | ၁၆ | ၃၅ | ၁၆ | ၅၁ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂.၁.၂၀၁၇ | ၂.၁.၂၀၁၇ | ၂၇ | ၅၀ | ၃၆ | ၇၇ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၆.၁.၁၇ | ၆.၁.၁၇ | ၁၆ | ၁၄ | ၃၀ | ၃၀ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ပယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နုနုလှိုင် | | | | | |
| နေ့စွဲ ၁.၁.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) √ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြာခင်း | | ကျေးရွာ ကြက်လျှာစွန်း | |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကုန်ထုတ်လမ်းမှ တာကျိုး တံတား ပျက်စီးနေခြင်း | ၁ | ပညာတတ်ပညာရှင်မှ အားနည်းခြင်း။ သောက်ရေရေး ခက်ခဲခြင်း။ |
| ၂ | အလုပ်အကိုင် နည်းပါးခြင်း | ၂ | တာကျိုး တံတား မကောင်းခြင်းကြောင့် သွားလာရေး မကောင်းခြင်း။ |
| ၃ | ဘုန်းကြီးကျောင်း လမ်း ရေတိုက်စား မှုကြောင့် ကမ်းပါးပြိုခြင်း | ၃ | အလုပ်အကိုင်မဲ့ လူဦးရေ များပြားခြင်း။ |
| ၄ | ကြက်လျှာစွန်း - ဘက်ရဲ ဝိုးကျော် မရှိခြင်း | ၄ | ဗဟုသုတ အားနည်းခြင်း။ |
| ၅ | မီးရရှိသော်လည်း မီးအား မကောင်းခြင်း | ၅ | လူမှုရေး အဆင့်အတန်း နိမ့်ပါးခြင်း။ |
| ၆ | အစည်းအဝေး ကျင်းပရာတွင် အခြေခံ အဆောက်အအုံ မရှိခြင်း | ၆ | ကျန်းမာရေး အတွက် ဆေးခန်း မရှိခြင်း၊ တခြား သို့ ရောက် ကုသရခြင်း။ |
| ၇ | ကျေးရွာလမ်း မြို့တောင်လမ်း မကောင်းခြင်း။ | ၇ | နွေရာသီ သောက်သုံးရေ ရှားပါးခြင်း။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မျိုးဆက်သစ်ကလေးများအတွက် ဗဟုသုတ ရရှိစေရန် စာကြည့်တိုက်တစ်ခု ရှိရမည်။ | ၁ | ရွာသားများ အားလုံး ဗဟုသုတ ကြွယ်ဝရမည်။ အလုပ်အကိုင်များ တိုးတက်ရမည်။ |
| ၂ | အားကစားကွင်း၊ ဆေးပေးခန်း၊ မီးသတ်ရေကန်၊ မီးသတ်ကား ရှိရမည်။ | ၂ | ဆေးပေးခန်း ရှိရမည်။ မီးသတ်ရေကန် ရှိရမည်။ အားကစားကွင်း ရှိရမည်။ |
| ၃ | မူကြိုကျောင်း၊ အစည်းအဝေးခန်းမ ရှိရမည်။ | ၃ | ကြိုး တံတားမှ ရွာထိပ်ထိ ကွန်ကရစ်လမ်း ဖြစ်ရမည်။ |
| ၄ | ကုန်ထုတ်လမ်း ကောင်း ကောင်း ရှိရမည်။ မြို့တောင်လမ်း ကောင်းရမည်။ | ၄ | ကုန်ထုတ်လမ်းအတွက် ကွန်ကရစ်လမ်း ဖြစ်ရမည်။ |
| ၅ | ဘက်ရဲ - ကြက်လျှာစွန်း ကွန်ကရစ်တံတား ရှိရမည်။ | ၅ | တစ်ရွာလုံး ကွန်ကရစ်လမ်း ဖြစ်ရမည်။ |
| ၆ | ရိုးကူး ဝိုးကျော် ကောင်းမွန်ရမည်။ | ၆ | လျှပ်စစ်မီးတိုင်များကို ကျောက်တိုင် ဖြစ်ရမည်။ |
| ၇ | ကျေးရွာလျှပ်စစ်မီး အား ကောင်းရန် ထရန်စဖော်မာတစ်ခု ရှိရမည်။ | ၇ | ရိုးကူး တံတား ခိုင်ခံ့စွာ ရှိရမည်။ |

၈. ကွန်ကရစ် ဓါတ်မီးတိုင် ရှိရမည်။

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | တံတားတာကြီးကို ကွန်ကရစ်တံတားဆောက်ရန် | ကျား + မ | ၃၀၀ အိမ် | ၃၅၆ ဦး |
| ၂ | ကြက်လျှာစွန် - ဘက်ရဲ့ ကုန်းကျော်တံတားဆောက်ရန် | ကျား + မ | ၁၀၀ အိမ် | ၃၅၆ ဦး |
| ၃ | စက်ရေတွင်း၊ ရေကန် ဆောက်ရန် | ကျား + မ | ၃၂ အိမ် | ၃၅၆ ဦး |
| ၄ | မီးတိုင်များကို ကွန်ကရစ် တိုင်ဖြင့် လဲလှယ်ရန် | ကျား + မ | ၆၀ အိမ် | ၃၅၆ ဦး |
| ၅ | မဟာ[illegible] ရှိစေရန် [illegible]ဆောက်ရန် | ကျား + မ | ၅၀ အိမ် | ၃၅၆ ဦး |
| ၆ | တစ်ရွာလုံး ကွန်ကရစ်လမ်း ဖြစ်ရမည်။ | မ | ၇၀၀ အိမ် | ၃၅၆ ဦး |
| ၇ | ရိုးကျူးတံတား ပြင်ဆင်ရန် | မ | ၁၅၀ အိမ် | ၃၅၆ ဦး |
| ၈ | [illegible] ဆောက်ရန် | ကျား | ၆၀ အိမ် | ၃၅၆ ဦး |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မီးသတ်ပစ္စည်းများ | ကျား | |
| ၂ | ဘောလုံးကွင်း ဆောက်ရန် | ကျား | |
| ၃ | လျှပ်စစ် Transfer | ကျား + မ | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးမြင့်ဦး ------------- လက်မှတ် ------(signature)------ နေ့စွဲ ၂.၁.၂၀၁၇

ဒေါ်ခင်သန်းနု (signature) ၂.၁.၂၀၁၇

လူထုဗဟိုပြုပီစီမံကိန်းစီမံကိန်းလက်စွဲ

အပိုင်း-၃ ၁၉.၉.၂၀၁၅

ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | |
|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုစီမံချက်ရေးဆွဲမှုတွင် နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | CF ၄ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်နုနုလှိုင် | လုပ်ငန်းအားအမှတ်ခြစ်ပေးပါ ✓စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| နေ့စွဲ ၆.၃.၂၀၁၇ | ကျေးရွာအုပ်စု ကြာအင်း |
| ပြည်နယ်/တိုင်း ရှေ့ာဝတီ<br>မြို့နယ် ကြာအင်း | |

| ကျေးရွာအမည် | ဆောင်ရွက်သည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အသိအမှတ်ပြုမှု | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| ကြော်ကွင်း | ဆက်ရေတွင်း ရေသွင်းရေကန် ရေပိုက်သွယ်တန်း ခြင်း ရေစင်ကြီး | (၂"Φ ၂၀၀')x၂ (၄'Φ ၁၆'x၃လုံး) ၁၀၀၀' (၆'x၅'x၇') | ၃၉၂ ဦး | □အမျိုးသား<br>□အမျိုးသမီး<br>✓အမျိုးသားနှင့်အမျိုးသမီး | ၂၇ သိန်း | ၁ သိန်း | - | | ၂၈ သိန်း |
| ရှားငြိးတို | ဆက်ရေတွင်း ရေကန် ရေပိုက်သွယ်တန်း ရေစင်ကြီး | (၂"Φ ၁၀၀') (၁၀'x၈'x၅'-၆") (၄၀၀') (၆'x၅'x၇') | ၁၆၃ ဦး | □အမျိုးသား<br>□အမျိုးသမီး<br>✓အမျိုးသားနှင့်အမျိုးသမီး | ၃၃ သိန်း | | - | | ၃၃ သိန်း |
| ကိုးပင် | ဆက်ရေတွင်း ရေကန် ရေပိုက်သွယ်တန်း ရေစင်ကြီး | (၂"Φ ၁၅၀') (၁၀'x၈'x၅'-၆") (၁၀၀၀') (၆'x၅'x၇') | ၁၃၄ ဦး | □အမျိုးသား<br>□အမျိုးသမီး<br>✓အမျိုးသားနှင့်အမျိုးသမီး | ၃၃ သိန်း | ၁ သိန်း | - | | ၃၄ သိန်း |

လူထုဗဟိုပြုစီမံကိန်းစီမံကိန်းလက်ခွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကျောင်း | မြေသားလမ်း ဖော်ခြင်း နှင့် ရေမြောင်းဖောက်ခြင်း | (၁၆၀၀'x၁၀'x၁'-၀") (၁၆၀၀'x၁၀'x၀'-၆") | ၃၉ [illegible] | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၃၅ သိန်း | | | ၃၅ သိန်း |
| ကံဆယ် | - တံတားသွန်းကပ် ပြုလုပ်ခြင်း - အားကစားကွင်း ရေမြောင်း ကျင်းကာစီခြင်း | (၁၇'-၀"x၁၁'-၀") (၅၀'x၁၀'x၀' x၂ [illegible]) | [illegible] | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၂၈ သိန်း ၂၈ [illegible] | | | ၂၈ သိန်း ၂၈ သိန်း |
| သရက်တော | - ကုန်းပေါက်လမ်း နှင့် ကျွန်ကာရံ | (၁၃'-၀"x၅'-၃") (၁၃'-၀"x[illegible] ၂'-၉") | ၃၀၃ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၄၀ သိန်း | | | ၄၀ သိန်း |
| | လမ်း [illegible] (၁၀၀') | (၁၀၀'x ၁၀'[illegible] -၀'-၈") | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/အကောက်ကော်မတီ ဥက္ကဋ္ဌ  အမည် ဦး[illegible]

လက်မှတ် [illegible]  ရက်စွဲ ၆.၁.၂၀၁၇

ပုံစံPC-၄ကျေးရွာ ခွဲဝေရွေးချယ်ခြင်းပုံစံ

| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်စုရည်လှိုင် (CF) ၊ ဒေါ်ခင်နှင်းဆွေ (TF) | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| နေ့စွဲ ၆.၁.၂၀၁၆ | ကျေးရွာအုပ်စု ကြပ်ကွင်း |
| ပြည်နယ်/တိုင်း- ရှမ်း(တောင်) မြို့နယ်- ကလော | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အလိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ရှိလျှင်) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ကိုးပင် | စက်ရေတွင်း ရေကန် နှင့် ရေစက်၊ ရေပိုက် | (၁၀'×၈'×၆')၊ ကန် / ၂" ဖ ၁၅၀' (၆'×၅'×၇') ရေစက်ရုံ ၁၀၀' ရေပိုက် | ၁၁၄ ဦး | □အမျိုးသား □အမျိုးသမီး √□အမျိုးသားနှင့် အမျိုးသမီး | ၃၃ သိန်း | | | | ၃၃ သိန်း |
| ကြပ်ကွင်း | စက်ရေတွင်း ရေကန်နှင့် ရေပိုက် | ၂" ဖ ၂၅၀' တွင်းနက် (၆'×၅'×၇') ရေစက်ရုံ ပိုက် ၅၀၀ ကျပ် ၃လုံး | ၁၃၇ ဦး | □အမျိုးသား □အမျိုးသမီး √□အမျိုးသားနှင့် အမျိုးသမီး | ၂၇ သိန်း | | | | ၂၇ သိန်း |
| ဈားရိုးဘို | စက်ရေတွင်း ရေကန် နှင့် ရေပိုက် | ပေ - ၁၂၀၀ ပိုက် (၁၀'×၈'×၆')ကန် (၆'×၅'×၇')၂ ရေစက်ရုံ ပေ - ၁၁၀၀ ပိုက် | ၁၆၃ ဦး | □အမျိုးသား □အမျိုးသမီး √□အမျိုးသားနှင့် အမျိုးသမီး | ၃၃ သိန်း | | | | ၃၃ သိန်း |
| | | | | □အမျိုးသား | | | | | |

ကွန်ကရစ်လမ်း +
ကုံးပေါက်(၃)ခု

လူထုဗဟိုပြုစီမံကိန်း စီမံကိန်းလက်ကွဲ
အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| သာရက်တော | ၁၀၀'x၁၀'x၀'-၆" (၁၃'x၇'-၃"x၄'-၉") ကုံးပေါက် (၁၂'x၄'-၃"x၃'-၃") (၁၂'x၄'-၃"x၃'-၃") | | ၃၀၃ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၄၀ သိန်း | | | ၄၀ သိန်း |
| ကြာအင်း | တာကျိုး ဖြေဖို့ဂျင်နှင့် လမ်းမြင့်ရန် | ၄၃'x၁၈'x၈', ၂၅'x၁၈'x၁၀', ၁၆၀၀'x၁၅x ၁'-၆" | ၃၉၆ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၃၅ သိန်း | | | ၃၅ သိန်း |
| ကံဆယ် | ရှာဒေဝီတား ချိုးကပ်လမ်း ရှာတင်လမ်း တာနာကျော်ဒို | (၁၇'-၀'x၁၁'-၀") (၁၀၀'-၀'x၁၀x | ၆၄၇ ဦး | ☐အမျိုးသား ☐အမျိုးသမီး ☑အမျိုးသားနှင့် အမျိုးသမီး | ၂၈ သိန်း ၂၈ သိန်း | | | ၂၈ သိန်း ၂၈ သိန်း |
| | စီရင် ၃-၄ ကွန်ကရစ် ခင်းရန် | ၀'-၆" x၂ ၈" | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် ဦး[illegible]

လက်မှတ် [signature] ရက်စွဲ ၆.၁.၂၀၁၇

သင်္ဂ

ဒေါ်[illegible] [illegible]

# အစည်းအဝေးမှတ်တမ်း

**လူထုဖဟိုပြုစီမံကိန်း**( ဒုတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု - ကြာအင်း** **ပထမအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ကြက်လျှာစွန်း** **ရက်စွဲ**- 1, 1, 2017

ကြက်လျှာစွန်းကျေးရွာ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(1, 1, 2017)ရက်နေ့တွင် ကျေးရွာမူလတန်းကျောင်း ၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင်ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အဓိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

# အစည်းအဝေးမှတ်တမ်း

**လူထုဖဟိုပြုစီမံကိန်း**( ဒုတိယနှစ်စက်ဝန်း)

**ကျေးရွာအုပ်စု - ကြာအင်း** **ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး**

**ကျေးရွာ - ကြက်လျှာစွန်း** **ရက်စွဲ - 2 ,1 ,2017**

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို( 2, 1, 2017 )ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL )များအား ဆက်လက် ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ် ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တ ရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်း အစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီး တစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစား ပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်း ကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေး လုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ် သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာ စီ/ထောက်ကော်မတီဝင်များမှ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၎င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

**လူထုစည်းရုံးရေးမှူး**

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

ကြာအင်းကုပ်ခု၊
ကြက်လျှာခွန်းကျေးရွာ

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁။ | တာကျိုးတံတားကို အုတ်ကျောက် တံတားဆောက်ရန် | ကျား+မ | ၁၀ | လူထုပါဝင်မှု | |
| | ၂။ | ကြက်လျှာခွန်း - ဘက်ရဲ ဂုံးကျော် တံ ၃ ဆောက်ရန် | ကျား+မ | | | |
| | ၃။ | စက်ရေတွင်း၊ ရေကန် ဆောက်ရန် | ကျား+မ | | | |
| | ၄။ | မဟာသုခတာရာ ရုံဆောင်ရန် စာကြည့်တိုက် | ကျား+မ | | | |
| | ၅။ | ရွာတွင်းလမ်း ကျောက်ခင်း လမ်းခင်းရန် | မ | | | |
| | ၆။ | ရိုးကျူး တံတားဆိုင်းစံ ရန် | မ | | | |
| | | အဝေးရေဝေးခန်းမ | ကျား | | | |
| အသက်မွေးဝမ်းကျောင်း/ | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁။ | မီးတိုင်များကို ပြန်ကရစ်တိုင်စစ် | ကျား+မ | | | |
| | ၂။ | မီးဘက်ထရီများ | ကျား | | | မြို့နယ်ပါ မီးဘက် |
| | ၃။ | ဘောလုံးကွင်း | ကျား | | | |
| | ၄။ | လျှပ်စစ် Transfer | ကျား+မ | | | မြို့နယ် EPC ရုံး |
| | | | | | | |